# အလင်းရောင်နည်းတဲ့ဓာတ်ပုံများကို အမြန်ပြုပြင်ခြင်း

အလင်းရောင်မမှန်တဲ့နေရာ (ဥပမာ–အလင်းများလွန်းတာ၊ နည်းလွန်းတာ) မှာ ဓာတ်ပုံရိုက်ခဲ့တဲ့အခါ ပုံထွက်မလှ ဖြစ်တတ်ပါတယ်။ ဒါကြောင့် အဲ့ဒီလိုပုံတွေကို facebook မှာမတင်မီ ပြင်ဆင်သင့်ပါတယ်။




Layer အသစ်မှာ ဓာတ်ပုံကို duplicate လုပ်ခြင်း၊ saturation ညှိခြင်း၊ invert လုပ်ခြင်းတွေပြီးပါက blending mode မှာ overlay ကို ပြောင်းရပါမယ်

## Duplicate လုပ်ပါ

Layer ခွဲနိုင်တဲ့ဘယ် program မှာမဆို ဆောင်ရွက်နိုင်ပါတယ်။ အကောင်းဆုံးကတော့ Adobe Photoshop Element ဖြစ်ပါတယ်။ တစ်ခါတရံ ဓာတ်ပုံရိုက်တဲ့အခါမှာ ရိုက်ချင်တဲ့အဓိက subject တွေက အမှောင်ထဲရောက်နေတာ၊ အရိပ်ကျတာတွေ ဖြစ်တတ်ပါတယ်။

ကိုယ်အသုံးပြုမယ့် program မှာ edit လုပ်မယ့်ဓာတ်ပုံကိုဖွင့်ပါ။ Layer အသစ်အနေနဲ့ duplicate လုပ်ပါ၊ Adobe Ahotoshop Element ကို အသုံးပြုထားတယ်ဆိုရင် layer>duplicate layer ကိုရွေးပြီး ok နှိပ်ပါ၊ Screen ရဲ့ ညာဘက်ခြမ်းက palette ထဲမှာ layer ၂ခု အနေနဲ့တွေ့ရမှာ ဖြစ်ပါတယ်။

## Layer ကို invert လုပ်ပါ

အပေါ်ဆုံးမှာရှိတဲ့ layer ကိုအရင်ဆုံး အရောင်တွေပြင်ဆင်ရပါမယ်။ Layer palette ထဲကထိပ်ဆုံး layer ကို select လုပ်ပါ၊ Enhance> adjust color>adjust hue/saturation ကိုရွေးပါ။ Saturation slider ကို 50 ရာခိုင်နှုန်းအထိလျှော့ပါ။ Ok နှိပ်ပါ၊

ထိပ်ဆုံး layer ရွေးထားတဲ့အချိန်မှာပဲ ctrl+I ကို နှိပ်ပြီး layer အတွင်းက အရောင်တွေကိုဆန့်ကျင်ဘက်ဖြစ်အောင်လုပ်တဲ့ invert လုပ်ပါ။ Photographic negative တွေမှာ မြင်ရတဲ့အတိုင်း ဖြစ်သွားပါတယ်။

## နောက်ဆုံးအချောသတ်ခြင်း

Layer palette ကို normal mode ကနေ overlay mode ကိုပြောင်းပါ။ ပိုပြီးကောင်းမွန်တဲ့ပုံကို မြင်တွေ့ရမှာဖြစ်ပါတယ်။ အရိပ်ကျနေလို့ အဆင်မပြေဖြစ်နေမှုတွေလည်း အဆင်ပြေသွားမှာ ဖြစ်ပါတယ်။

ပုံကိုလုံးဝနောက်ဆုံးအဆင့် အပြီးသတ်နိုင်ဖို့ layer palette မှာ right-click နှိပ်ပြီး flatten the image ကိုရွေးချယ်ပါ။ ပြီးရင် ပုံရဲ့ noise ကိုလျှော့ချဖို့ filter>noise>reduce noise ကိုရွေးချယ်ပြီး ပုံကို save လုပ်ပါ။ လှပတဲ့ပုံကောင်းတစ်ခုရရှိမှာ ဖြစ်ပါတယ်၊

# Android ပေါ်က Offline မြေပုံ

မကြာခဏခရီးထွက်နေရသူတွေအတွက် မြေပုံတွေကို Android device ပေါ်မှာသိမ်းထားတာက online ကိုတက်ယူရတဲ့အခက်အခဲတွေနဲ့ data အသုံးပြုမှုတွေကို သက်သာစေမှာ ဖြစ်ပါတယ်၊ ဒါ့အပြင် လိုင်းမမိတဲ့နေရာကိုရောက်နေတဲ့တိုင်အောင် မြေပုံတွေကိုဆက်ပြီးကြည့်နေနိုင်တဲ့အတွက် ကိုယ့်အတွက်အများကြီး အထောက်အကူပြုပါတယ်။

Android မှာအသုံးပြုနိုင်တဲ့ offline မြေပုံပေါင်းများစွာရှိပါတယ်။ Default အနေနဲ့ပါဝင်လာတဲ့ Android map app ဖြစ်တဲ့ google maps ကိုအသုံးပြုနိုင်ပါတယ်။ အဲ့ဒီ google maps မှာ သတ်မှတ်ထားတဲ့ ဧရိယာပတ်ဝန်းကျင်တစ်ခုကို offline အသုံးပြုလိုချင်တယ်ဆိုရင် app ကိုဖွင့်ပြီး '...' button ကိုနှိပ်ပါ။ ပြီးရင် Settings> labs>check pre-cache map area ကိုရွေးပါ၊ ဒီအဆင့်တွေနဲ့ google maps ကမြေပုံတွေကို သိမ်းထားနိုင်မှာဖြစ်ပါတယ်။ တစ်ကြိမ်သိမ်းရင် ၁၀ မိုင်ပတ်လည်ကိုတစ်ပုံအနေနဲ့ သိမ်းနိုင်ပါတယ်။

ကိုယ်သိမ်းလိုတဲ့မြေပုံကိုခေါ်ပါ။ အချိန်ခဏလောက်စောင့်ပါ။ လမ်းတွေ၊ နေရာတွေပေါ်လာမှာဖြစ်ပါတယ်။ ပြီးရင် မြားကိုအသုံးပြုပြီး မြေပုံကိုကြည့်နိုင်ပါတယ်။ Screen ရဲ့အောက်ခြေနားကို tap လုပ်ပြီး pre-cache map area ဆိုတဲ့ option ကိုရွေးချယ်ပါ။ အဲ့ဒီ download ဟာ မိနစ်ပိုင်းအနည်းငယ်ကြာမှာဖြစ်ပါတယ်။

ဒါပေမဲ့ offline အသုံးပြုတဲ့အခါ မှာ အဆင်ပြေမှာဖြစ်လို့ စောင့်ရကျိုးနပ်ပါတယ်။ Download လုပ်ရာမှာ data သုံးစွဲမှုသက်သာစေဖို့ Wi-Fi connection ကို အသုံးပြုဖို့အကြံပြုပါရစေ။ Third party map app ဖြစ်တဲ့ MapDroyd ကိုလည်း *find. pcworld.com/72915* ကတဆင့် အခမဲ့ အသုံးပြုနိုင်ပါတယ်။ ကြိုက်နှစ်သက်ရာ မြေပုံတွေ download လုပ်ယူနိုင်ပါတယ်။ အဲ့ဒီ app ဟာ OpenStreetMap framework ကိုအသုံးပြုထားတာ ဖြစ်ပါတယ်။

ကောင်းမြတ်ထွန်း